mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



ချစ်ခြင်းကို မောင့်နှလုံးသားမှာ

မြုပ်နှံလိုက်တယ် ...

သံသရာ အဆက်ဆက်

မောင့်အချစ်ဖြစ်ပါရစေ...

စနေထောင့်လေး

အေးစေ... နွေးစေ...။


တလင်္ကာ

9 250011 527855

mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း – စတုတ္ထအကြိမ်၊ ဩဂုတ်လ၊ ၂၀၂၅ ခုနှစ်
ထုတ်ဝေသူ – ဒေါ်အိအိချို (၀၂၈၂၈)၊ မြဝတ်ချိုစာပေ
အမှတ် ၂၀၊ မိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်
ဒေါပုံမြို့နယ်။
ဖုန်း – ၀၉ ၂၅၀၀၁၁၅၂၁
မျက်နှာဖုံးပန်းချီ – Aung Myint Kyaw
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် – ဦးကျော်ကျော် (မြဲ ၀၁၃၅၈)၊ အောင်သုတပုံနှိပ်တိုက်၊
အမှတ်(၉၂/အေ)၊ စက်မှုဇုန်(၃)လမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
အုပ်ရေ – ၇၀၀
တန်ဖိုး – ၈၀၀၀

ထုတ်ဝေသည့် စာအုပ်ကက်တလောက်အညွှန်း (CIP)

အလင်္ကာ
စနေထောင့်မှာမောင့်ကိုတွေ့တယ် အလင်္ကာ၊ ရန်ကုန်။
မြဝတ်ချိုစာပေ၊ ၂၀၂၅။
၁၄၀ စာ၊ ၁၃ × ၂၁ စင်တီ။
စနေထောင့်မှာ မောင့်ကိုတွေ့တယ်


mgyoe.com

mgyoe.com SAMPLE BOOK

# စနေထောင့်မှာ မောင့်ကိုတွေ့တယ်

အလင်္ကာ

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

# စတုတ္ထအကြိမ်အမှာစာ

သံသရာတစ်ထောင့်မှာ မောင်နဲ့တွေ့ခဲ့ဖူးကြရင် အကယ်၍များ စနေထောင့်မှာ မောင့်ကိုတွေ့ခဲ့ဖူးကြရင် ကျွန်တော့်စာအုပ်လေးက ဖြေဆေးလေးဖြစ်ဖြစ် ဖြစ်စေချင်ပါရဲ့....။

စတုတ္ထအကြိမ် ထပ်မံထုတ်ဝေပေးပါသော ဆွေးစာပေတိုက်နှင့် တကွ စာချစ်သူအပေါင်းကို ခုလိုရပ်တည်နိုင်အောင် ကြိုးစားခွင့်ပေး သဖြင့် များစွာ ကျေးဇူးဥပကာရ တင်ရှိရပါသည်။

စနေထောင့်သည် မောင်ရှိရာအရပ်ဖြစ်၍ မောင်ရှိရာစနေ ထောင့်တွင် လွမ်းတသနေသူများသို့ ရည်ညွှန်းစာစီကဗျာသီလျက်..။

ချစ်သော အလင်္ကာ

mgyoe.com

mgyoe.com
SAMPLE BOOK

# တတိယအကြိမ်အမှာစာ

သမုဒယနွယ်ရစ် ချစ်ခဲ့ကြတာပဲကို ကျွန်တော်ပဲဖြစ်ဖြစ် မောင်ပဲဖြစ်ဖြစ် စနေထောင့်ကိုရောက်တဲ့အခါ သတိတရရှိကြဦးမယ် ထင်ပါတယ်။

ဒီစာအုပ်လေးက မောင့်ကို သတိတရရှိကြောင်း သိရစ်တဲ့ ကဗျာ အနွယ်ခက်လေးတွေပါပဲကို ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ နှောင်ရစ်ခြင်းက အမှတ်တရဖြစ်ခဲ့ပါတယ်..။

တတိယအကြိမ်ထွက်လာတဲ့ ကဗျာစာအုပ်ဟာလည်း မောင့် ရင်ခွင်တစ်နေရာမှာ ခိုဝင်နေခွင့် ရဦးမယ်ထင်ပါရဲ့..။

ကျွန်တော့်စာအုပ်ကလေးကို အသိအမှတ်ပြုပေးကြသော ချစ်သောတို့အားလုံးကိုလည်း တကူးတက ကျေးဇူးတင်ရပါကြောင်း မှတ်တမ်းပြုလိုက်၏..။

ကျွန်တော်တို့ကံကြမ္မာက အလှည့်ပေးရင် ပြန်ဆုံကြချင်ပါသေးတယ်လေ..။

ချစ်သော အလင်္ကာ

mgyoe.com

mgyoe.com
SAMPLE BOOK

ချည်

ဇာတ်ကားထဲကလို

မောင့်ကိုကျွန်တော်

မေတ္တာဖြင့် ချည်နှောင်ခဲ့မိပါတယ်

သို့ပေတည်း မမြဲခဲ့ပါဘူး။

စနေထောင့်ကို ရောက်တယ်

မောင့်ကို တွေ့တယ်။

မောင်က ကျွန်တော့်ကိုမတွေ့

တွေ့လျက်နဲ့လည်း မတွေ့

မြင်လျက်နဲ့လည်း မဆုံ။

ဤသို့ဖြင့် ကျွန်တော်သည်

အထီးကျန်ခြင်းများစွာဖြင့်

စနေထောင့်မှာ မောင့်ကိုတွေ့ခဲ့ရပါသည်။

ချစ်ခြင်းမေတ္တာကို ငေါက်ငမ်းရစတမ်းဆိုမှ

ခက်လှချည်သော ကဗျာတစ်ပုဒ်ဖြစ်ချည်လိမ့်မည်

အမှာစာမမည်လေသော စာစုကို

အမှာစာနှယ် ဟန်ဆောင်ပေးမိကြောင်းကို

မောင်သိပါလေစ။

ချစ်လှစွာသော အလက်ာ

mgyoe.com

mgyoe.com SAMPLE BOOK

ပိုင်ဆိုင်မှုတွေထုတ်ပြချင်တာပေါ့

ကျွန်တော့်မှာ

ခင်ဗျားကလွဲလို့ တခြားမှမရှိတာ။

mgyoe.com

mgyoe.com SAMPLE BOOK

လွမ်းဖို့ ကမ်းမိတဲ့လက်ရယ်ပါ။

မောင်မပါရင် အဆင်မပြေဘူးဆိုတာ

ဘယ်သူ့ကိုပြောပြရပ့ါမလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

ကဲ တိတ်တိတ်လေးပဲကောင်းပါတယ်
ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက်
စွန့်ပစ်ခဲ့ကြပြီမလား။

mgyoe.com

mgyoe.com SAMPLE BOOK

ရော့ မောင်ကတစ်ခြမ်း

ဒီဘက်က ကျွန်တော်ကတစ်ခြမ်း

အတိတ်က ကမ်းခဲ့တဲ့

စွယ်တော်တစ်ခြမ်းစီတောင်

အခုလောက်ဆို လမ်းပျောက်နေရောပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်ပေးတဲ့ လက်ဆောင်က

ခေါင်းကို သာသာလေးပုတ်ပြီး ဖွပစ်လိုက်တာမျိုး

ကျွန်တော်ပေးတဲ့ လက်ဆောင်က

မောင့်ပါးပြင်ပေါ်မှာ အနမ်းဖွဖွခြွေချလိုက်တာမျိုး

ခေါင်းပေါ်ကို သစ်ရွက်အမှိုက်လေးများ လာထင်ရင်

ကျွန်တော်သိပ်ကို ကျေးဇူးတင်မိတာ

မောင်ပေးတဲ့ လက်ဆောင်

ဆုတောင်းစရာမလိုဘဲ ပြည့်လို့။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်က အလွမ်းဂတ္ထုတွေကြိုက်တယ်။
လမ်းခွဲခြင်းအကြောင်း ခဏခဏပြောတယ်။
ချစ်ခြင်းမေတ္တာကို သက်သေပြဖို့
ဇာတ်လမ်းအတိုင်းညားနေဖို့မှမလိုတာတဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်က မောင်

ကျွန်တော်က ကျွန်တော်

အဲ့ဒီနေ့က စနေထောင့်မှာ မောင့်ကိုတွေ့တယ်။

မောင့်ခြေလှမ်းက မှန်းရခက်တယ်။

အတိတ်ကိုလည်းလှမ်းတတ်သလို

အနာဂတ်ကိုလည်းမှန်းတတ်ပြန်တယ်။

နဂါးကိုယ်ပေါ်ကို ရေလောင်းချရင်

မောင့်နှုတ်က တဖွဖွရွတ်နေတာ ဘာများလဲမသိ၊

ဂဠုန်ကိုယ်ပေါ်ရေလောင်းရင်း မောင့်ကိုငေးမိတော့

ကျွန်တော့်အသက်ထက်တစ်ခွက်ပိုသွားတယ်။

ပိုတဲ့တစ်နှစ် မောင်နဲ့တစ်နှစ်ပိုချစ်ပါရစေ။

ရုပ်ပွားတော်က ပြုံးတော်မူတယ်။

အရှင်ဘုရား

မောင့်ကိုချစ်ခြင်း

အပြစ်ကင်းပါလေတယ်ဘုရား။

mgyoe.com

mgyoe.com SAMPLE BOOK

လှေကားကပြန်အဆင်း
မြင်ကွင်းမှာ မောင်မရှိတော့။

ဒါပေမဲ့လေ
ရင်တွင်းတစ်နေရာမှာ
မောင်က အသေချာရှိနေခဲ့လေရဲ့။

ကံများပြန်ဆုံခဲ့ရင်ပေါ့
မောင့်ကိုတွေ့ချင်ပါသေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်က မိုတီဖေးရှင်းစာအုပ်တွေဆို

သိပ်ဖတ်ခိုင်းတာကျွန်တော့်ကို။

ပြီးရင်...

မျက်ရည်တွေနဲ့

တစ်ယောက်တည်းထားသွားရော

mgyoe.com

mgyoe.com SAMPLE BOOK

ပွင့်ဖတ်တွေတစ်လွှာချင်းခြွေရင်း
ချစ်ခြင်း,မချစ်ခြင်းကို ကံစမ်းနေစရာ
မလိုတော့ပါဘူး။

မောင့်မျက်ဝန်းတွေက
ကံစမ်းမဲနှိုက်စရာမှမလိုတာ။

ဒဂ်ိဳးတစ်ပြားကိုယူ
ခေါင်းနဲ့ပန်း
ခေါင်းကျရင်လည်းလွမ်း
ပန်းကျရင်လည်းလွမ်း။

mgyoe.com

mgyoe.com SAMPLE BOOK

ကျန်မယ့်သူလည်းမဖြစ်ချင်ဘူး
ချန်ခဲ့သူလည်းမဖြစ်ချင်ဘူး။

မောင့်ကို ဘယ်တော့မှ
တစ်ယောက်တည်းချန်ခဲ့မှာ မဟုတ်သလို
တစ်လောကလုံးထွက်သွားရင်တောင်
မောင်နဲ့တူတူကျန်ခဲ့မှာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ခြင်းတရားတဲ့လေ

ချစ်ခြင်းက တရားပါပဲမောင်။

မတည်မြဲခြင်းက

ကျွန်တော်တို့ကို စည်းခြားစေတယ်။

ဂရုစိုက်နော်...မိုးတွေအရမ်းရွာနေရင်။

mgyoe.com

mgyoe.com SAMPLE BOOK

လက်ညှိုးတွေညွှန်ပြီး
ကြယ်လေးတွေစိန်ခေါ်ဖူးတယ်။
မောင့်အချစ်ထက် အရေအတွက်များလေရဲ့လားပေါ့။

နောက်ဆုံးတော့ လမ်းခုလတ်မှာ
မတ်တပ်လေးငေးရင်းကျန်တယ်။
ဝေးသွားတဲ့ အနီရောင်လက်ရှည်က မဲ့ပြုံးပြုံးနဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

အနော်မာကမ်းတစ်ဖက်မှာတော့

ယသော်ရောလွှမ်းလျက်ကျန်တယ် မောင်။

မသေချာတဲ့လမ်းတစ်ဝက်မှာရော ကျွန်တော်စောင့်နေရဦးမလား။

mgyoe.com

mgyoe.com SAMPLE BOOK

မောင့်ကိုချစ်တယ်။

မောင့်ကိုချစ်တယ်။

နောက်ပြီး

မောင့်ကိုပဲထပ်ချစ်မယ်။

အလျားအနံတွေ

အသွားအပြန်တွေထား

ရင်ခုန်သံအနှံ့အပြား

မောင့်ကိုပဲချစ်သွားမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က အတ္တကြီးတယ်။
သံသရာတကွေ့မှာ
မောင့်ကို ပြန်ရှာမတွေ့မချင်း
နိဗ္ဗာန်မဝင်ဘူး။

သံယောဇဉ်ဆိုတာက
ကြိုးတစ်ချောင်းပဲလေ။
ဖြတ်ရင်လည်းကြိုး
ပြတ်ရင်လည်းကြိုး။

ကျွန်တော်ကတော့ ထာဝရ
မောင့်ကိုမြတ်မြတ်နိုးနိုးပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

လွမ်းဖို့ကမ်းမိတဲ့လက်ရယ်ပါ။
ဝေးကြတဲ့အခါ သတိရရုံကလွဲလို့
ကျွန်တော်တို့ နီးမှမနီးခဲ့ကြဘဲ။

Bubble tea တစ်ခွက်ကအစ
အပြုံးတစ်ပွင့်ကအဆုံး
မောင်နဲ့အတိတ်တိုင်းကို
သတိရတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

၊

အငွေ့မဝေတော့တဲ့
အေးစက်စက် ကော်ဖီတစ်ခွက်ကို
စွန့်ပစ်လိုက်ပါပြီမောင်
ရောက်ရာအရပ်မှာပျော်ပါစေ။

ကျွန်တော် မပျော်တဲ့အချိန်တိုင်း
ကမ္ဘာကြီးပါ ရပ်တန့်ခဲ့မယ်ဆိုရင်
ကမ္ဘာကြီးကိုလည်း ကျွန်တော်နဲ့အတူ
သရဏဂုံတင်ပေးပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒိုင်ယာရီစာမျက်နှာသစ်ကို
မောင့်အပြုံးနဲ့ စတင် ဖွင့်လှစ်ခဲ့တယ်။
စာမျက်နှာအားလုံးကိုလည်း
မောင်နဲ့ပဲအဆုံးသတ်ပါရစေ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်ဆိုတဲ့လူက

ထွက်သွားပြီးရင်

ဘယ်တော့မှပြန်လာမယ့်လူမဟုတ်ဘူး။

ဒါပေမဲ့

မောင့်ရင်ခွင်က ခြွင်းချက်ဖြစ်နေတုန်း။

mgyoe.com

mgyoe.com SAMPLE BOOK

မျက်လုံးမှိတ်ရင်ဘာမြင်လဲ
အမှောင်ထုကြီးမြင်တယ်
မှားတယ်
မောင့်ကိုမြင်နေရတယ်
မောင်က ပြုံးပြုံးလေး။

မောင်ပေးတဲ့ဝင့်ကြွေးက
ခပ်ရေးရေးလေးနဲ့လှတယ်။
ခါးသက်ပေမယ့်
ရေခဲထည့်ထားတဲ့
Iced coffee တစ်ခွက်လိုပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်ပေးတဲ့ အလွမ်းတွေကို

အိတ်ထဲထည့်လွယ်လိုက်တယ်။

ပြီးတော့ မောင်ကြိုက်တဲ့စာအုပ်လေးရယ်

Black coffee တစ်ခွက်ရယ်

မောင်ဆိုပြနေကျ Taylor Swiftရဲ့ love story လေးရယ်။

မောင်မရှိတော့မှ

နေဝင်ချိန်လေးတွေ လှနေပါရောလား။

mgyoe.com

mgyoe.com SAMPLE BOOK

အခါတပါး၌

ကျွန်တော်ချစ်ရသောလူသားလေးလည်း

မောင်ဟူ၍ဖြစ်လာခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

စွဲလမ်းခြင်းတဏှာကား

မောင့်နှုတ်ခမ်းမှ

မှုတ်ထုတ်လိုက်သော

ဆေးလိပ်ငွေ့

သင်းသင်းလေးများသာတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

"မောင့်နှုတ်ခမ်းပါးပါးလျှ
လွှမ်းတသသ မှုံရီဝေ"
ကဗျာစပ်မလို့
ကာရံမပေါ်တာနဲ့
ကလောင်ကိုပစ်ချလိုက်ရဲ့။

မောင့်နရီက သူမျှားဆီမှာ
စည်းဝါးတကျ
ကခုန်ပျော်မြူးနေပြီလား...။

mgyoe.com

mgyoe.com
SAMPLE BOOK

စာထဲမှာဖတ်ဖူးတဲ့

နှလုံးသားဆိုတာ

ချစ်ခြင်းတရားတွေနဲ့ သင်္ချိုင်းတဲ့။

ဟုတ်မှာပေါ့

ကျွန်တော့်သေဆုံးခြင်းတော့

မောင့်ထံပါးမှာ။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုင်ချလိုက်တယ်

ရင်ခွင်ထဲမှာလားလို့

ဘယ်ဟုတ်မလဲ

မောင်ပေးခဲ့တဲ့ ဒဏ်ရာတွေကြားမှာ

နားမိရက်သားဖြစ်နေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ပင်လယ်ကိုချစ်မိမှတော့

ကူးခတ်ရတာ ဆန်းမှမဆန်းတာ။

ကြည့်လိုက်မိတယ်

မောင့်အပြုံးတွေလားလို့

ဘယ်ဟုတ်မလဲ

နာကျင်ခြင်းတွေတသီတတန်း။

လွမ်းစရာရှိရင်

နာစရာနဲ့ဖြေရတယ်ဆိုပဲ။

လွမ်းစရာရှိပေမယ့်

နာစရာမရှိတဲ့ဘဝဆိုတော့

ဘယ်လိုဖြေသိမ့်လို့ နေရမယ်မှန်းမသိ။

mgyoe.com

mgyoe.com SAMPLE BOOK

မောင်ကိုက ဆိုးပါတယ်။
နာစရာတွေ တပုံတပင်နဲ့ထားခဲ့ပြီး
ကျွန်တော့်ဆီကတော့
အကြင်နာတွေပဲခိုးယူသွားတယ်။

မောင့်ကိုချစ်ရင်
မောင်နဲ့အသက်ရှင်ပါ...တဲ့
ကျွန်တော့်ကို ချစ်တယ်ပြောပြီး
ဘာလို့ အခြားတစ်ယောက်နဲ့
ရှင်သန်ခြင်းကို အစပြုလိုက်ရတာလဲ။

ဘာဖြစ်လို့လဲ....ဟင်
မုန်းချင်လိုက်တာမောင်ရယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်ကို ဒုက္ခပေးတဲ့
အယ်လ်ကိုဟောနဲ့ ဆေးလိပ်နံ့ထက်
မောင့်ကို စွဲလမ်းတဲ့စိတ်နဲ့
ရှင်သန်နေရတာကို
ပိုပြီး မုန်းတယ်။

သေခြင်းကြောင့်လည်း မခြဘူး
နေခြင်းဖြင့်လည်း မခြဘူး
ပြီးတော့ မောင်နဲ့ ကွေကွင်းဖို့လည်း မရဲဘူး။

တစ်စုံတစ်ခုဖြင့်
သေခြင်းကို လိုလိုလားလား
တောင်းဆုဆိုရပါ၏....
မောင့်အမုန်းဖြင့်ကား အသက်မရှင်လို့။

mgyoe.com